
## မြက်မုန်ညင်းပင်များ၏ ယေဘုယျရုပ်သွင်ပြင်လက္ခဏာများ

- တစ်နှစ်ခံ သို့မဟုတ် နှစ်ရှည်ခံဖြစ်ပြီး စေ့ရှက်ထီးအမျိုးအစားဖြစ်သည်။
- အရွက်များမှာ သေးသွယ်ရှည်လျား၍ ပါးလွှာသောမျက်နှာပြင်ရှိပြီး ပြားသောအရွက် သည် သုံးဆင့်ထွက်သည်။ အဆစ်နှင့် ဆစ်ကြား မပါရှိဘဲ ရွက်ဖုံးသည် ပင်စည်ကိုပတ်၍ ပြွန်ပုံစံဖြစ်နေသည်။
- ပင်စည်သည် ကန့်လန့်ဖြတ်ကြည့်လျှင် အခေါင်းပိတ်ပြီး သုံးမြှောင့်ပုံ သို့မဟုတ် တြိဂံပုံ တွေ့ရသည်။
- ပန်းခိုင်သည် ထီးပုံပန်းခိုင်၊ ရင်းတူထိပ်ညီပန်းခိုင်၊ ရင်းခြားထိပ်ညီပန်းခိုင် စသဖြင့် အမျိုးမျိုးရှိသည်။
- မြစ်မွှာရေသောက်စနစ်ဖြစ်ပြီး မြေအောက်ပင်စည်နှင့် မြေလျှောက်ပင်စည်တို့ဖြင့် ပျံ့နှံ့နိုင်သည်။
- နှစ်ရှည်ခံမြက်မုန်ညင်းတွင် ထူးကဲပင်စည်များဖြစ်သော ဥ၊ မြစ်ဥ၊ မြေအောက်ပင်စည် များ ပါရှိသည်။ စိုစွတ်သောနေရာများတွင် အတွေ့ရများသည်။

မြန်မာနိုင်ငံရှိ စိုက်ပျိုးသီးနှံများတွင် အတွေ့ရအများဆုံးပေါက်ရောက်လေ့ရှိသော မြက်မုန်ညင်းအမျိုးအစားများမှာ မြက်မုန်ညင်းဝါ၊ မြက်မုန်ညင်းစိမ်း၊ မြက်မုန်ညင်းဥနက်၊ မြက်ကွမ်းသီးလေး၊ မြက်ကွမ်းသီးကြီး၊ ဝက်လာ၊ တလိုင်းခေါင်းမြက် စသည့်တို့ဖြစ်ပါသည်။




**မြက်မုန်ညင်းပင်များ၏ အပင်တည်ဆောက်ပုံ**